**အမှတ် (၂) တာ့ခ်ခရိုင် အခြေခံပညာရေးရုံး ၏ ထုတ်ပြန်ကြေညာချက်**
**အမှတ် (၂) တာ့ခ်ခရိုင် အခြေခံပညာရေးရုံးအတွင်း လုပ်ငန်းများ စီမံလုပ်ဆောင်ရာတွင် အဂတိလိုက်စားမှု ကင်းရှင်းစေရန်။**

ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး နိုင်ပရာယု ကျန်းအိုချာ၏ အစိုးရ မူဝါဒသည် နယ်မြေအခန်းကဏ္ဍ အသီးသီးတွင် လုပ်ငန်းများကို တာဝန်ယူလုပ်ဆောင်နေသော အစိုးရဝန်ထမ်းများကို အစိုးရရုံးများ၊ အစိုးရ အဖွဲ့ အစည်းများအနေဖြင့် လုပ်ငန်းများ အကောင်အထည်ဖော်လုပ်ဆောင်ရာတွင် သန့် ရှင်းရိုးသားပြီး ပွင့်လင်း မြင်သာမှုရှိစေရန်နှင့် ဖြစ်ပေါ်လာနိုင်သည့် အဂတိလိုက်စားခြင်းကို ကာကွယ်ရန် မြှင့်တင်၊ ပံပိုးပေး မှုများ ပြုလုပ်ခဲ့သည်။ အမှတ် (၂) တာ့ခ်ခရိုင် အခြေခံပညာရေးရုံးသည် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကိုယ်ကျင့်တရားနှင့် ပွင့်လင်းမြင်သာမှုကို ဦးစားပေးထည့်သွင်း စဉ်း စားခြင်း၊ အစိုးရဌာန များ၏ ကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာကျင့်သုံးခြင်းနှင့် အဂတိလိုက်စားခြင်းကို စစ်ဆေးခံ ရန်အတွက် အဆင်သင့်ဖြစ်သော အဖွဲ့ အစည်းဖြစ်သည်။ အမှတ် (၂) တာ့ခ်ခရိုင် အခြေခံပညာရေးရုံးမှ ရေးဆွဲချမှတ်ထား သည့် မျှော်မှန်းချက်များ အမှန်တကယ် ဖြစ်မြောက်လာရန်တွက် အမှတ် (၂) တာ့ခ်ခရိုင် အခြေခံပညာရေး ရုံးသည် အခြေခံပညာရေးအဆင့်ကို အရည်အသွေးပြည့်မီ၍ ကမ္ဘာ့စံချိန်စံနှုန်းနှင့် ကိုက်ညီသော အဆင့်အထိ သို့ ရောက်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ကျွန်ုပ် နိုင်ပီလပ် အုဒ္ဒုမ်းဝုန်း ညွှန်ကြားရေးမှူး - အမှတ် (၂) တာ့ခ်ခရိုင် အခြေခံပညာရေးရုံး၊ အမှတ် (၂) တာ့ခ်ခရိုင် အခြေခံပညာရေးရုံး၏ ဌာနအသီးသီး၊ အဆင့်အသီးသီးတွင် လုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်ပေးနေကြသော ပုဂ္ဂလ်များကိုယ်စား

၁။ ကျောင်းသူကျောင်းသားများကို ထိုင်းနိုင်ငံသားတစ်ယောက်၏ ဖြစ်တည်မှုနှင့် အာဆီယံဝမ်းကွန်မြူနီတီသို့ ဝင်ဆံ့နိုင်ရန်အတွက် ဖွံ့ ဖြိုးတိုးတက်အောင် ပံ့ပိုးပေးသွားမည်။

၂။ ကျောင်းသူကျောင်းသားများအားလုံး ပြည့်ဝလက်လှမ်းမီသော ပညာရေးကို ရရှိနိုင်ရန်အတွက် ပံ့ပိုးကူညီမြှင့်တင်ပေးသွားမည်။

၃။ ပညာရေး၏ အရည်အသွေးမြှင့်တင်မှုတွင် တစ်ဦးတစ်ယောက်ချင်းစီ၏ ပူးပေါင်းပါဝင်မှုအားကောင်းသော စီမံခန့် ခွဲမှု စနစ်တစ်ခု ဖြစ်ပေါ်လာစေရန်အတွက် စနစ်တစ်ခုကို ဖော်ဆောင်သွားမည်။

ကျွန်ုပ် တို့ သည် လုပ်ငန်းများ တာဝန်ယူလုပ်ဆောင်ရာတွင် နိုင်ငံတော်၏ ချမှတ်ထားသော ကောင်း မွန်သည့် မူဝါဒများ ကို လိုက်နာ၍ အဂတိလိုက်စားမှုမရှိအောင် ရိုးသားစွာဖြင့် လုပ်ကိုင်ဆောင်ရွက်သွားမည်။ အဂတိလိုက်စားမှု ကြောင့် ဖြစ်ပေါ်လာနိုင်သော အကျိုးရလဒ်များကို သိရှိပြီး အဂတိလိုက်စားခြင်းကို တာဆီးကာကွယ်မှုများကို လုပ်ဆောင်ခြင်း၊ လုပ်ငန်းများလုပ်ဆောင်ရာတွင် လူ့ အဖွဲ့ အစည်းမှ အမှတ် (၂) တာ့ခ်ခရိုင် အခြေခံပညာရေး ရုံးအား ယုံကြည်လက်ခံ လာစေရန် တည်ဆောက်သွားမည်ဖြစ်သည်။ ထို့ ပြင် အဂတိလိုက်စားခြင်းကို စစ်ဆေးခံရန်အတွက်လည်း အမြဲတမ်းအဆင်သင့် ဖြစ်နေလျက်ရှိသည့်အပြင် အဂတိ

လိုက်စားခြင်းမရှိသော အဖြူရောင် အစိုးရရုံးအဖြစ် ရပ်တည်သွားနိုင်ရန် အောက်ပါအချက်များကို ထုတ်ပြန်လိုက်သည်။

၁။ လုပ်ငန်းများလုပ်ဆောင်ရာတွင် အဆင့်တိုင်းသည် သတ်မှတ်ထားသော ဥပဒေမူဝါဒ၊ စည်းမျဉ်းစည်းကမ်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး ဝန်းထမ်းများအားလုံးကိုလည်း သတ်မှတ်ထားသော ဥပဒေမူဝါဒ၊ စည်းမျဉ်းစည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် အားပေးပံ့ပိုးပေးမည်။

၂။ အဂတိလိုက်စားခြင်းမရှိပဲ ရိုးသားစွာ ဝန်ဆောင်မှုပေးခြင်း၏ တန်ဖိုးကို နားလည်သိရှိစေရန် အသိပညာမြှင့်တင်ပေးမှုများပြုလုပ်ပေးခြင်း၊ မိမိကိုယ်၌သော်လည်းကောင်း၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ရရှိစေနိုင်သော အကျိုးကျေးဇူးများအပါအဝင် ကိုယ်ကျင့်တရားကောင်းမွန်ခြင်း၊  မိမိနေထိုင်ရာ ပတ်ဝန်းကျင်၊ အလုပ်ဌာန၊ မြို့၊ ရွာ၊ နိုင်ငံတွင် အဂတိလိုက်စားခြင်းကင်းစင်အောင် ကာကွယ်ပေးနိုင်သည့် ဝန်ထမ်းကောင်းများဖြစ်စေရန်နှင့် အဂတိလိုက်စားခြင်းမှကာကွယ်ခြင်းကို ယဉ်ကျေးမှုတစ်ခုအသွင်အဖြစ် ထိန်းသိမ်းသွားကြရမည်။

၃။ အမှတ် (၂) တာ့ခ်ခရိုင် အခြေခံပညာရေးရုံးတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ အရှက်ရစေမည့်၊ ကြောက်ရွံ့ရစေမည့် အဂတိလိုက်စားခြင်းနှင့် အဂတိလိုက်စားခြင်းကြောင့် ဖြစ်ပေါ်လာမည့် လူ့အဖွဲ့အစည်းဆိုင်ရာ အပြစ်ပေးဒဏ်ခံမှုများ (Social Sanction) ကို လုံးဝလက်မခံပါ။

၄။ အမှတ် (၂) တာ့ခ်ခရိုင် အခြေခံပညာရေးရုံး၏ ပညာသင်ကြားရာဌာနများတွင်ရှိသော သင်ယူသူများကို အဂတိလိုက်စားခြင်း၏ ဆိုးဝါးသော အကျိုးသက်ရောက်မှုများကိုသိရှိစေပြီး အဂတိလိုက် စားခြင်းကို ကာကွယ်တားဆီးသောတတ်သော စိတ်ဓါတ်များ မွေးမြူပေးသွားမည်။

အားလုံးသိရှိစေရန် ထုတ်ပြန်ကြေညာလိုက်သည်။

ထုတ်ပြန်ကြေညာသည့်ရက်စွဲ - ၂၂ ရက် မေ လ ၂၀၁၉ ခုနှစ်

(နိုင်ပီလပ် အုဒ္ဒမ်းဝုန်း)

ညွှန်ကြားရေးမှူး

အမှတ် (၂) တာ့ခ်ခရိုင် အခြေခံပညာရေးရုံး